# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှ စတင်ဖြစ်ပွားသော 2019 Novel Coronavirus (2019-nCoV) အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ သိကောင်းစရာများ (၂၆-၁-၂၀၂၀)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှ စတင်ဖြစ်ပွားသော 2019 Novel Coronavirus (2019-nCoV) အဆုတ်ရောင်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ ပြည်သူများ အနေဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါအချက်များကို သိရှိလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## (က) အဆုတ်ရောင်ရောဂါ (2019-nCoV) ၏ အဓိကလက္ခဏာများ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့သို့ လွန်ခဲ့သည့် (၁၄) ရက်အတွင်း ခရီးသွားခဲ့ခြင်း၊ လွန်ခဲ့သည့် (၁၄) ရက်အတွင်း အဆုတ်ရောင်ရောဂါ (2019-nCoV) ဖြစ်ပွားသည်ဟု သံသယရှိသူနှင့် အတူနေထိုင်ခဲ့ခြင်း၊ လွန်ခဲ့သည့် (၁၄) ရက်အတွင်း အဆုတ်ရောင်ရောဂါ (2019-nCoV) ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ ရှိခဲ့ပြီး၊ ဖျားခြင်း (အပူချိန် ၃၈˚C နှင့် အထက်ရှိခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း စသည့် လက္ခဏာများ ပေါ်ပေါက်လာပါက အဆုတ်ရောင်ရောဂါ (2019-nCoV) သံသယလူနာဟု သတ်မှတ်နိုင်ပါသည်။

## (ခ) အဆုတ်ရောင်ရောဂါ (2019-nCoV) ရောဂါကူးစက်ပုံ

အဆုတ်ရောင်ရောဂါ (2019-nCoV) ရောဂါကူးစက်ပုံအား အတိအကျ အတည်ပြုနိုင်ခြင်း မရှိသေးသော်လည်း ယခင်အလားတူ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးများ၏ ရောဂါကူးစက်ပုံများအရ ချောင်းဆိုးခြင်းနှင့် နှာချေခြင်းမှတစ်ဆင့် တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး (Influenza Virus) များ အပါအဝင် အခြားရောဂါပိုးများ လေထဲသို့ ရောက်ရှိပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့် ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ရောဂါကူးစက်နိုင်ပါသည်။

## (ဂ) အဆုတ်ရောင်ရောဂါ (2019-nCoV) ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများ

- ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားနေရသောသူများနှင့် အနီးကပ်နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ။
- လူထူထပ်သောနေရာများကို သွားလာခြင်းမှ ရှောင်ကြဉ်ပါ။

- လက်ကို စင်ကြယ်အောင် ဆပ်ပြာနှင့် ရေတို့ကို အသုံးပြု၍ မကြာခဏ ဆေးကြောပါ။
- နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့်ပါးစပ် လုံခြုံအောင် ဖုံးအုပ်ထားသော အဝတ်နှင့် နှာခေါင်းစည်း အသုံးပြုပါ။ အထူးသဖြင့် ဘတ်စ်ကားစီးစဉ် အခြားသူများထံသို့ ရောဂါ မကူးစက်စေရန် သတိပြုပါ။
- နှာချေ၊ ချောင်းဆိုးသည့်အခါ တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ သေချာစွာ လွှင့်ပစ်ပါ။ လက်ကို စင်ကြယ်အောင် ဆပ်ပြာဖြင့် သေချာစွာ ပြန်ဆေးကြောပါ။
- တိရစ္ဆာန်များနှင့် အကာအကွယ် မရှိဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။
- တိရစ္ဆာန် အသား၊ ငါးများကို သေချာစွာ ကျက်အောင် စနစ်တကျချက်ပြုတ်ပြီးမှ စားသုံးပါ။
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ၊ ကောင်းစွာ အိပ်စက်အနားယူပါ။
- အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ပါ။
- ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာအား ထိတွေ့ကိုင်တွယ်ရသည့် အချိန်တိုင်း မိမိကိုယ်ကို ရောဂါပိုးကူးစက်ခံရခြင်း မရှိစေရန် Infection Prevention and Control အား အထူးဂရုပြု လိုက်နာပါ၊ လူနာနှင့်ထိတွေ့သော အရာဝတ္ထုများကို အသုံးပြုကိုင်တွယ်ပြီးတိုင်း နှင့် လူနာနှင့် တိုက်ရိုက် ထိတွေ့ပြီးသည့်အခါတိုင်း လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောပါ။
- အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ လေကြောင်းခရီးမှတစ်ဆင့် ဝင်ရောက်လာသော ပြည်တွင်း/ပြည်ပ ခရီးသွားများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော အပြည်ပြည်ဆိုင်ရာခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ အကြံပေးချက် (Travel Advice) ကို လိုက်နာပါ။

အထက်ဖော်ပြပါ အဆုတ်ရောင်ရောဂါ (2019-nCoV) မိမိကိုယ်တိုင်ဖြစ်ပွားသည် (သို့မဟုတ်) ရောဂါဖြစ်ပွားသည်ဟု သံသယရှိသူကို တွေ့ရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့ ကုသမှုခံယူပါ။ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ မိဘပြည်သူများကလည်း ရောဂါဖြစ်ပွားသည်ဟု သံသယရှိသူကို တွေ့ရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့ ကုသမှုခံယူစေပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

(၂၆-၁-၂၀၂၀)

အသေးစိတ်ပိုမိုသိရှိလိုပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့် ဗီဒီယိုဖိုင်များအား ဤနေရာကို Scan ဖတ်၍ website သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

https://mohs.gov.mm/Main/content/publication/2019-ncov